မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

June 12, 2025 | Volume 91, Number 9


| ၁၂.၆.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၁၇.၈၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၇.၄၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၄၃.၉၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၂.၅၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၄၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၅၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၄၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၇၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၅၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဆီထွက်သီးနှံထုတ်လုပ်မှုမြင့်မားရေး အထူးဇုန်နှစ်ခု သတ်မှတ်မည်



မကွေးတိုင်းဒေသကြီးအတွင်းမှာ ဆီထွက်သီးနှံထုတ်လုပ်မှု မြင့်မားရေးအတွက် အထူးဇုန် ၂ ဇုန်သတ်မှတ်ဆောင်ရွက်သွားမှာဖြစ်တယ်လို့ မကွေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနက သိရပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ ဇုန် ၁ မှာ မကွေး၊ ချောက်နဲ့အောင်လံခရိုင်၊ ဇုန်၂ မှာ မင်းဘူးနဲ့ သရက်ခရိုင်တို့ ပါဝင်ပြီး အဲဒီဇုန်နှစ်ခုကို ခရိုင် ၅ ခရိုင်အတွင်းက မြို့နယ် ၁၇ မြို့နယ်မှာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီဇုန်တွေထဲမှာ ဆီထွက်သီးနှံစုစုပေါင်းလျာထားဧက၂၄ သိန်းကျော်ကို လျာထားဆောင်ရွက်သွားမှာဖြစ်ပြီး မြေပဲ၊ နှမ်းနဲ့နေကြာတွေကို စိုက်ပျိုးသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

မိုးဦးကာလမှာ နှမ်းကိုအဓိကထားစိုက်ပျိုးကြပြီး အခုနှစ်မှာ နှမ်းစိုက်ဧက ၁၂ သိန်းကျော် စိုက်ပျိုးသွားမှာ ဖြစ်တယ်လို့ ဆိုပါတယ်။

နှမ်းစိုက်ပျိုးရာမှာလည်း အထွက်နှုန်းမျိုးကောင်းတွေဖြစ်တဲ့ ဆင်းရတနာ ၃၊ ဆင်းရတနာ ၄ စတဲ့မျိုးတွေကို အများဆုံး စိုက်ပျိုးကြတာဖြစ်တယ်လို့ သိရပါတယ်။

ဆီထွက်သီးနှံတွေတစ်ဧက တင်း၂၀ ထွက်ရှိနိုင်ဖို့အတွက်စိုက်ပျိုးရေးဦးစီးဌာနကနေ မျိုးကောင်းမျိုးသန့် သုံးစွဲနိုင်ရေး၊မြေဆီလွှာဖွံ့ဖြိုးရေးနဲ့ နည်းပညာပေးရေးတွေကို ဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။

မကွေးတိုင်းဒေသကြီးမှာ ဆီထွက်သီးနှံတွေအပြင် စပါး၊ ပဲမျိုးစုံ၊ စက်မှုကုန်ကြမ်းသီးနှံဝါနဲ့ တခြားသီးနှံတွေကို စိုက်ပျိုးကြတယ်လို့ သိရပါတယ်။

Source: https://onenewstvchannel.com/



CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## အာလူးအရောင်းအဝယ်ဖြစ်နေပြီး ဈေးကောင်းနေ




အာလူးအရောင်းအဝယ်ဖြစ်နေပြီး ဈေးတက်လာကြောင်း ကုန်စိမ်းရောင်းဝယ်သူများထံက သိရသည်။

နွေအာလူးအကုန် မိုးအာလူးစိုက်သည့်ကာလဖြစ်သည့်အတွက် ဈေးကွက်သို့ ကုန်အဝင်နည်းလာ၍ ဈေးတက်လာခြင်းဖြစ်ကြောင်း ကုန်သည်တချို့က သုံးသပ်ကြသည်။

ရှမ်းပြည်နယ်အောင်ပန်းမြို့တွင် ပြီးခဲ့သည့်မေလက မားကစ် S-1/S-2 တစ်ပိဿာလျှင် ၅၀၀၀ ကျပ်၊မျက်နီ S-2/S-1 တစ်ပိဿာလျှင် ၄၃၀၀ ကျပ်၊ မျက်နီ S1 OK အာလူးတစ်ပိဿာလျှင် ၄၀၀၀ ကျပ်သာရှိခဲ့ပြီး လက်ရှိ ဇွန်လတွင် မားကစ် S-1/S-2 တစ်ပိဿာလျှင် ၅၅၀၀ ကျပ်၊မျက်နီ S-2/S-1 တစ်ပိဿာလျှင် ၅၀၀၀ ကျပ်၊ မျက်နီ S1 OK အာလူးတစ်ပိဿာလျှင် ၄၅၀၀ ကျပ်ထိ မြင့်တက်လာကြောင်း သိရသည်။

"အာလူးအဝယ်ပြန်လိုက်လာတယ်။ဈေးလည်းအနည်းငယ်တက်လာတယ်။တချို့မိုးအာလူးတွေ စိုက်ပျိုးနေကြပြီဖြစ်လို့ ဈေးတက်လာတဲ့သဘောပါ"ဟု ရှမ်းပြည်နယ်အောင်ပန်းမှ ကုန်စိမ်းရောင်းသူတစ်ဦး က ပြောသည်။

တရုတ်ဘက်မှ ကုန်သွယ်မှုအခက်အခဲရှိနေသောကြောင့် တရုတ်အာလူးများအဝင်နည်းနေပြီး အာလူးဈေးကောင်းရနေကြောင်း အာလူးစိုက်တောင်သူနှင့် ကုန်သည်အချို့က သုံးသပ်ထားကြသည်။

လက်ရှိဘုရင့်နောင် ကုန်စည်ဒိုင်တွင် ဟဲဟိုး A 1 တစ်ပိဿာလျှင် ၂၇၀၀ ကျပ်၊ဟဲဟိုး OK နှင့် S1 တစ်ပိဿာ လျှင် ၃၀၀ ကျပ်အထိရှိနေပြီး တစ်ပိဿာလျှင် ၃၀၀ ကျပ်မှ ၅၀၀ ကျပ်အထိ မြင့်တက်လာကြောင်း သိရသည်။

အာလူးမျိုးများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊နယ်သာလန်၊အိန္ဒိယနှင့်တရုတ်နိုင်ငံများမှ ဝယ်ယူစိုက်ပျိုးကြပြီး မျိုးအာမခံချက်နှင့် လမ်းခရီးအခက်အခဲများကိုလည်း ကြုံတွေ့နေရကြောင်း သိရသည်။

"အခုက နယ်စပ်တွေမှာ အခြေအနေအမျိုးမျိုးအခက်အခဲတွေရှိတယ်။တရုတ်အာလူးတွေ အဝယ်နည်းသလို တရုတ်မျိုးတွေလည်းအဝင်နည်းတယ်လို့ပြောလို့ရတယ်။တရုတ်အာလူးတွေအဝင်များရင်ပြည်တွင်းအာလူးတွေကျလေ့ရှိတယ်။ ဒါ့ကြောင့် တောင်သူတွေနစ်စဉ်အရှုံးပေါ်ခဲ့တာတွေရှိတယ်"ဟု ရှမ်းပြည်နယ်မှအာလူးစိုက်တောင်သူတစ်ဦးက ပြောသည်။

လက်ရှိအာလူးစိုက်တောင်သူများအနေဖြင့်မျိုးအာလူးရရှိရန် ၊အခက်အခဲများလျော့ကျရန်နှင့်အရည်အသွေးကောင်း အာလူးများစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံစိုက်ပျိုးရေးနှင့်သုတေသနဌာန( DAR )နှင့် နောင်တရားအာလူး စိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းတို့ပူးပေါင်း၍ ပြည်တွင်း၌ တစ်သျှူးကာချာနည်းဖြင့် မျိုးအာလူးများထုတ်လုပ်ပေးနိုင်ရေး ဆောင်ရွက်နေကြောင်း သိရသည်။

မိုးအာလူးအတွက် တရုတ်မျိုးနှင့်နယ်သာလန်မျိုးများကို အဓိကထားစိုက်ကြကြောင်း နောင်တရားဒေသမှ အာလူးစိုက်တောင်သူတစ်ဦးက ပြောသည်။

ပြည်တွင်း၌ အာလူးအား ၅ လပိုင်းမှ ၆ လပိုင်းတစ်ကြိမ်၊ ၈ လပိုင်းမှ ၉ လပိုင်းတစ်ကြိမ် နှင့် ၁၂ လပိုင်းမှ ၁ လ ပိုင်း တစ်ကြိမ် သုံးကြိမ် စိုက်ပျိုးလေ့ရှိကြောင်း သိရသည်။

**Source :** https://htwettoe.com/

## ရန်ကုန်၌ ပြည်ပပို့ကုန် ၅ မျိုး စီးပွားဖြစ်စိုက်ပျိုးလာ

ရန်ကုန်တိုင်းဒေသကြီးမှာ ပြည်ပပို့ကုန် ၅ မျိုးကို စီးပွားဖြစ်စိုက်ပျိုးလာကြတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက သိရပါတယ်။


အရင်က ရန်ကုန်တိုင်းဒေသကြီးမှာ ဆန်စပါးနဲ့ပဲမျိုးစုံကိုသာ အဓိကစိုက်ပျိုးခဲ့ရာက လက်ရှိနိုင်ငံတကာဈေးကွက်မှာ အလားအလာကောင်းတဲ့ ဒူးရင်း၊ သရက်၊ ငှက်ပျော၊ သံပယို၊ ပန်းနဲ့အလှဆင်အပင်တွေကို စီးပွားဖြစ်စိုက်ပျိုးလာကြတယ်လို့ ဆိုပါတယ်။



အဲဒီ ပို့ကုန်အမည်သစ်တွေဟာ ပို့ကုန်ဈေးကွက်မှာ အလား အလာကောင်းတွေရှိနေပြီး နိုင်ငံတကာဈေးကွက်လိုအပ်ချက်တွေကို လေ့လာကာ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရင် ဝင်ငွေကောင်းတဲ့ ပို့ကုန်တွေဖြစ်လာနိုင်တယ်လို့ ဈေးကွက်ကျွမ်းကျင်သူတွေက သုံးသပ် ထားကြပါတယ်။လက်ရှိမှာ မြန်မာနိုင်ငံကနေ နိုင်ငံတကာဈေးကွက် တွေကို စိုက်ပျိုးရေးထွက်ကုန်၊ ရေထွက်ကုန်၊ စက်မှုကုန်ချောပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်းနဲ့အခြားပစ္စည်းတွေကို တင်ပို့နေပါတယ်။

**Source :** https://onenewstvchannel.com/

## ကန့်ဘလူမြို့နယ်၌ အဝင်နည်း၍ အရောင်းသွက်သည့် ဖရဲသီးဈေးနှုန်း



စစ်ကိုင်းတိုင်းဒေသကြီး၊ကန့်ဘလူမြို့ရှိသစ်သီးဆိုင်များတွင်ဖရဲသီးများ ရောင်းချလျက်ရှိကြောင်း၊ဖရဲသီးများကို မန္တလေးမြို့ရှိ သစ်သီးပွဲရုံများမှလည်းကောင်း၊ ဒေသတွင်းမှလည်းကောင်း ဝယ်ယူရောင်းချလျက်ရှိကြောင်း၊ ယခုအခါ ဖရဲသီးများ အဝင်နည်း၍ အရောင်းသွက်နေကြောင်း သစ်သီးဆိုင်များက သိရသည်။

၂၀၂၅ ခုနှစ် ၊ ဇွန်လဒုတိယပတ်အတွင်း ကန့်ဘလူမြို့ရှိ သစ်သီးဆိုင်များတွင် ရောင်းချလျက်ရှိသော ဖရဲသီးဈေးနှုန်းများမှာ အလုံးအကြီးအသေးပေါ်မူတည်၍ ဖရဲသီးအလုံးကြီး ၁ လုံးလျှင် ၆၀၀၀ ကျပ်၊ ဖရဲသီး အသေး ၁ လုံးလျှင် ၄၀၀၀ ကျပ်ဖြင့် ရောင်းချလျက်ရှိကြောင်း၊ ဖရဲသီးသည် အရည်ရွှမ်းအသီးတစ်မျိုးဖြစ်သည့်အတွက် လူကြိုက်များကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သစ်သီးဆိုင်များက သိရသည်။

**Source : Doca(စစ်ကိုင်း)**

https://www.doca.gov.mm/

## နှမ်းမျိုးစုံ အရောင်းအဝယ်အေး ဈေးကျနေ

မန္တလေးကုန်စည်ဒိုင်၌ ပဲနှင့် နှမ်းမျိုးစုံ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဇွန်လဒုတိယပတ်တွင် နှမ်းနက် (စမုန်) မှာအသစ် များဝင်ရောက်မှုရှိကာ နှမ်းမျိုးစုံမှာ အရောင်းအဝယ်အေးဈေးအေးနေကြောင်းသိရသည်။

နှမ်းနက်(စမုန်) ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၇၂၀,၀၀၀မှ ၇၅၅,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၆၈၀,၀၀၀မှ ၇၅၀,၀၀၀၊ ယခင်လကျပ် ၇၈၀,၀၀၀ မှ ၈၀၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀ မှ ၄၀,၀၀၀ ဈေးမြင့်လာပြီး၊ ယခင်လထက် ကျပ် ၄၅,၀၀၀မှ ၆၀,၀၀၀ ခန့်ဈေးနိမ့်လာသည်။

နှမ်းဖြူ(ဗမာ)၄၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၃၅,၀၀၀မှ ၃၄၅,၀၀၀ ၊ ယခင်လထက် ကျပ် ၃၄၅,၀၀၀ မှ ၃၅၀,၀၀၀၊ ယခင်လ ကျပ် ၃၅၅,၀၀၀မှ ၃၆၀,၀၀၀ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀ မှ ၁၀,၀၀၀၊ ယခင် လထက် ကျပ် ၁၅,၀၀၀ မှ ၂၀,၀၀၀ ဈေးနိမ့်လာသည်။

နှမ်းဖြူ(ဂျပန်)၄၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၃၈၀,၀၀၀မှ၃၉၇,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၉၀,၀၀၀ မှ ၃၉၅,၀၀၀၊ ယခင်လကျပ် ၄၀၅,၀၀၀မှ ၄၁၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ မှ ၁၀,၀၀၀၊ ယခင် လထက် ကျပ် ၁၃,၀၀၀ မှ ၂၅,၀၀၀ ဈေးနိမ့်လာသည်။

နှမ်းညို ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၃၀,၀၀၀မှ ၃၄၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၄၀,၀၀၀၊ ယခင်လ ကျပ် ၃၂၀,၀၀၀ မှ ၃၃၀,၀၀၀ ဖြစ်သည်။ယခင်တစ်ပတ်ထက် အနိမ့်စ ကျပ် ၁၀,၀၀၀ခန့်ဈေးနိမ့်လာပြီး၊ ယခင်လထက် ကျပ် ၁၀,၀၀၀ ခန့်ဈေးမြင့်လာသည်။

ပန်းနှမ်း ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၈၂,၀၀၀ မှ ၂၈၃,၀၀၀၊ယခင်တစ်ပတ် ကျပ် ၂၈၀,၀၀၀၊ ယခလ ကျပ် ၂၅၅,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ မှ ၃၀၀၀၊ ယခင်လထက်ကျပ် ၂၇,၀၀၀ မှ ၂၈,၀၀၀ ဈေးနိမ့်လာသည်။

**Source :** https://myantrade.gov.mm/

## ဖိလစ်ပိုင်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍသည် မေလအတွင်း အနည်းငယ်ကျဆင်း

၂၀၂၅ ခုနှစ်၊မေလအတွင်း နိုင်ငံတကာဈေးကွက်များမှ ဝယ်လိုအားများကျဆင်းလာခြင်းကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍသည်လည်းကျဆင်းခဲ့ကြောင်း၊ ၅-၆-၂၀၂၅ ရက်နေ့ထုတ်ပြန်ချက်တွင် ဖိလစ်ပိုင်နိုင်ငံ၏ ထုတ်လုပ်မှုဝယ်လိုအားညွှန်းကိန်း Manufacturing Purchasing Managers' Index-PMI သည် ယခင်လက ၅၃ ရှိရာမှ မေလတွင် ၅၀ ဒသမ၁ သို့ကျဆင်းခဲ့သည်ကို တွေ့ရှိရသည်။

ညွှန်းကိန်း ၅၀ နှင့်အထက်သည် တိုးတက်မှုရှိသည်ဟုရည်ညွှန်းပြီး ၅၀ အောက်ကျဆင်းခဲ့ပါက တိုးတက်မှုနှုန်း ကျဆင်းသည်ဟု ရည်ညွှန်းခြင်းဖြစ်ကြောင်း ဖော်ပြသည်။

PMI သည် ကုန်ထုတ်လုပ်သူစုစုပေါင်း ၄၀၀ ခန့်မှ ကုန်ဝယ်အမှာစာများလက်ခံရရှိမှု၊ ကုန်ပစ္စည်းထွက်ရှိမှု၊ အလုပ်အကိုင်ရရှိမှု၊ ကုန်ပစ္စည်းပို့ဆောင်ပေးသည့် အကြိမ်အရေအတွက်နှင့် ဝယ်ယူသည့် ပမာဏတို့အပေါ်အခြေခံ၍ တွက်ချက်ပြီး ထုတ်ပြန်သည့်ညွှန်းကိန်းဖြစ်သည်။

မေလအတွင်း ပို့ကုန်အသစ်အမှာစာများကျဆင်းခဲ့ခြင်းကြောင့် ဖိလစ်ပိုင်ကုန်ထုတ်လုပ်သူများအနေဖြင့် နိုင်ငံတကာဈေးကွက်တွင်အခက် အခဲများနှင့်ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဖော်ပြပါရှိသည်။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလကတည်းက စတင်၍ ကျဆင်းနေခဲ့ခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးတင်းမာမှုများမြင့်တက်လာသည်နှင့်အပြိုင်ပြည်ပဝယ်လိုအားတွင်လည်း အန္တရာယ် ပိုမိုမြင့်မားလာကြောင်း ဖော်ပြပါရှိသည်။

ကုန်ဝယ်အမှာစာအသစ်များလျော့နည်းလာခြင်းသည် အချိန်ကြာမြင့်မည်ဆိုပါက ကုန်ထုတ်လုပ်သူများအနေဖြင့် စက်ရုံအတွက်အဓိကလိုအပ်သည့် သွင်းအားစုများပြန်လည်ဖြည့်တင်းရန် ခက်ခဲလာနိုင်ပါကြောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍရှိ အလုပ်သမားအင်အားသည်လည်း ပထမ ၄ လတွင်း ပထမဆုံးအကြိမ်ကျဆင်းခဲ့ပြီး အလုပ်ထွက်ခြင်းနှင့် ပြန်လည်ခန့်အပ်ခြင်းမပြုခဲ့ခြင်းတို့ကြောင့်ဖြစ်သည်။ အလုပ်သမားအင်အားလျော့နည်းခြင်းကြောင့် ကုန်ထုတ်လုပ်ရာတွင် ကြန့်ကြာမှုများဖြစ်ပေါ်လျက်ရှိကြောင်း ဖော်ပြထားသည်။

ငွေကြေးဖောင်းပွမှုနှုန်းသည်လည်း သင့်တင့်သည့်နှုန်းထားတွင် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး ဝယ်လိုအား ဆက်လက်တိုးမြင့်ရန် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ပြည်ပဝယ်လိုအားကျဆင်းနေပြီး အဝယ်အမှာစာအသစ်များကျဆင်းနေသည့် အချိန်တွင် ရင်ဆိုင်နေရသည့်အခက်အခဲများကို ကျော်လွှားနိုင်စေရန်လိုအပ်ပြီး ထို့မှသာ ပြည်တွင်းဈေးကွက်ဈေးနှုန်း တည်ငြိမ်နိုင်မည်ဖြစ်ပါသည်။ ကုန်ထုတ်လုပ်သူများအနေဖြင့် ကုန်ဝယ်အမှာစာအသစ်များပြန်လည်မြင့်တက်လာရန်နှင့် လာမည့်နှစ်များတွင် ကုန်ထုတ်လုပ်မှုများ ဆက်လက်တိုးမြင့်လာရန် မျှော်လင့်ပါကြောင်း ဖော်ပြပါရှိပါသည်။

**Source:** https://www.philstar.com/business/2025/06/03/2447706/factory-activity-grows-slower-pace-may

**(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)**

https://myantrade.gov.mm/

## အိန္ဒိယနိုင်ငံတွင် မုတ်သုံမိုးကောင်းစွာရွာသွန်းမှုကြောင့် သဘာဝရော်ဘာထုတ်လုပ်မှုများ တိုးမြင့်လာဖွယ်ရှိ

အိန္ဒိယနိုင်ငံ Kerala ပြည်နယ်တွင် မုတ်သုံမိုးကောင်းစွာရွာသွန်းမှုကြောင့် သဘာဝရော်ဘာစိုက်တောင်သူများ၏ မျှော်လင့်ချက်များ ပြန်လည်ရှင်သန်လာခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် အနည်းဆုံးထုတ်လုပ်မှု ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

အိန္ဒိယရော်ဘာရောင်းဝယ်သူများအဖွဲ့ချုပ်(Indian Rubber Dealers’ Federation )ဥက္ကဋ္ဌ George Valy က “မိုးကြောင့် ရော်ဘာခြစ်ရက်တွေ မဆုံးရှုံးဘူးဆိုရင် မနှစ်ကထက် ထုတ်လုပ်မှုတိုးလာပါလိမ့်မယ်” ဟု businessline သတင်းဌာနသို့ ပြောကြားခဲ့သည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၏ သဘာဝရော်ဘာထုတ်လုပ်မှုမှာ တန်ချိန် ၈၅၇,၀၀၀ ရှိခဲ့ကြောင်း တွေ့ရှိရသည်။ သို့ရာတွင် နိုင်ငံတကာဈေးကွက်တွင် ရော်ဘာတုံး(block rubber)ဈေးနှုန်းများကျဆင်းနေခြင်းက ပြည်တွင်းဈေးနှုန်းများကို ထိခိုက်နိုင်ဖွယ်ရှိကြောင်း၊ အဆိုပါရော်ဘာတုံးဈေးနှုန်းများသည် လွန်ခဲ့သည့်နှစ်ပတ်အတွင်း ၁၅၆ ရူပီး မှ ၁၄၂ ရူပီးသို့ ၁၄ ရူပီး ကျဆင်းခဲ့ကြောင်း သိရသည်။

ယင်းအခြေအနေသည်ပြည်တွင်းသဘာဝရော်ဘာဈေးနှုန်းများကို သက်ရောက်မှုရှိနိုင်ပြီး စက်မှုလုပ်ငန်းများအတွက် ပြည်ပမှ တင်သွင်းမှုရွေးချယ်စရာများ ပိုမိုများပြားလာနိုင်ကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်သို့ ယခုလလယ်ပိုင်းမှစ၍ ဇူလိုင်နှင့် ဩဂုတ်လများအထိ ရော်ဘာအသစ်များ ဝင်ရောက်လာမည်ဟု မျှော်မှန်းရပြီး ယင်းမှာ စိုက်ပျိုးသည့်ဒေသများတွင် မိုးကောင်းစွာရွာသွန်းခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

စိုက်ခင်းများစွာတွင် သစ်ပင်များကိုမိုးဒဏ်ခံနိုင်ရန်ဆောင်ရွက်လျက်ရှိသည်။ရော်ဘာအဓိကသုံးစွဲသောလုပ်ငန်းများ အထူးသဖြင့် တာယာထုတ်လုပ်သူများသည်လည်း ဈေးကွက်မှဝယ်ယူနေကြသော်လည်း ပြည်ပမှဖြစ်ပေါ်တိုးတက်မှုများကို အနီးကပ်စောင့်ကြည့်နေကြောင်း ၎င်းက ပြောကြားခဲ့သည်။

ယေဘုယျအားဖြင့် ယခုရာသီတွင် ဈေးနှုန်းအတက်အကျများစွာမရှိဘဲ ဈေးကွက်အခြေအနေပိုမိုကောင်းမွန်နေကြောင်း ၊ ယခုလ ၄ ရက်နေ့အထိ RSS IV အမျိုးအစား ရော်ဘာဈေးနှုန်းများသည် တစ်ကီလိုဂရမ်လျှင် ၁၈၉ ရူပီးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း Valy က ပြောကြားခဲ့သည်။

Harrisons Malayalam Ltd ၏ အမှုဆောင်အရာရှိချုပ် Santosh Kumar ၏ပြောကြားချက်အရ စိုက်ပျိုးသည့်ဒေသများတွင် မိုးစောစီးစွာရွာသွန်းခြင်းက လာမည့်လများတွင် ပိုမိုကောင်းမွန်သော ရိတ်သိမ်းမှုအတွက် မျှော်လင့်ချက်များ မြင့်တက်စေခဲ့ကြောင်း သိရသည်။

သို့ရာတွင် မကြာသေးမီနှစ်များအတွင်း တွေ့ကြုံခဲ့ရသော ရာသီဥတုနှင့်ပတ်သက်သည့် မရေရာမှုများအပေါ် စိုးရိမ်ပူပန်မှုများ ရှိနေကြောင်း၊ နှစ်အစပိုင်းတွင် မုတ်သုံမိုးကောင်းစွာရွာသွန်းခြင်းသည် နောင်လာမည့်အခြေအနေများကို အမြဲတမ်းညွှန်ပြနိုင်မည်မဟုတ်ကြောင်း၊ မိုးရေချိန်ပမာဏသာမက မိုးရွာသွန်းမှုပုံစံ၊ မှိုရောဂါဖြစ်ပွားမှုနှင့် မကြာသေးမီကတွေ့ရှိရသော အရွက်ကြွေကျမှုတို့ကလည်း စိုက်ပျိုးသူများကို စိုးရိမ်ပူပန်စေကြောင်း သိရသည်။

နောက်ထပ်စိုးရိမ်စရာတစ်ခုမှာ ဈေးနှုန်းများဖြစ်ကြောင်း၊ မကြာသေးမီက နိုင်ငံတကာဈေးကွက်တွင် အမျိုးမျိုးသော ယူဆချက်များနှင့်ပထဝီနိုင်ငံရေးဆိုင်ရာဖြစ်ပေါ်တိုးတက်မှုများအပေါ်အခြေခံ၍ဈေးနှုန်းများအနည်းငယ်အကျဘက်သို့ ရွေ့လျားလျက်ရှိသည်ကို တွေ့ရှိရကြောင်း သိရသည်။

**Source: The Hindu Businessline, Good monsoon likely to boost natural rubber production, June 4, 2025.**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/

## မေလတွင် ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများ ကျဆင်းခဲ့

FAO စားနပ်ရိက္ခာအညွှန်းကိန်းစုစုပေါင်းသည် မေလတွင် သုည ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဟင်းသီးဟင်းရွက်ဆီနှင့် သကြားများအတွက် ကမ္ဘာ့ ဈေးနှုန်းများ သိသိသာသာကျဆင်းခဲ့ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က ဇွန်လ ၆ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။



FAO အညွှန်းကိန်းတွင် အစေ့အဆန်များနှင့် စီရီရယ်ဈေးနှုန်းများသည် မေလတွင် ၁ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းသွားကာ အာဂျင်တီးနားနှင့်ဘရာဇီးနိုင်ငံတို့တွင် ပြောင်းဖူးရိတ်သိမ်းမှုကောင်းမွန်မှုများအပြင် ကမ္ဘာလုံးဆိုင်ရာ ဂျုံဝယ်လိုအားလည်း နည်းပါးလာခြင်းကြောင့် ဖြစ်ကြောင်းသိရသည်။

မေလတွင်အသားနှင့် နို့ထွက်ပစ္စည်းဈေးနှုန်းများမြင့်မားခဲ့သည်။ FAO မှ ပြောကြားရာတွင် ၁ ဒသမ ၃ရာခိုင်နှုန်း မြင့်တက်ခဲ့သည့် အသားဈေးနှုန်းများသည် အမဲသား၊ ဝက်သားနှင့်သိုးသားများအတွက် ဝယ်လိုအားမြင့်မားခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတွင် ခွာနာလျှာနာရောဂါကြောင့် ကန့်သတ်ချုပ်ချယ်မှုများပြုလုပ်ထားသည့် ဂျာမန်ထုတ်လုပ်သူများ ဈေးကွက်သို့ ပြန်လည်ရောက်ရှိလာခြင်းကြောင့် ဝက်သားဈေးနှုန်းများ မြင့်တက်လာခဲ့သည်။

တစ်ချိန်တည်းတွင်၊ ကြက်ငှက်တုပ်ကွေးနှင့်ပတ်သက်၍ အချို့သော ဈေးကွက်များတွင် စိုးရိမ်မှုများကြောင့် ကြက်ဈေးနှုန်းများကျဆင်းခဲ့သည်။ နို့ထွက်ပစ္စည်းဈေးနှုန်းများ သုည ဒသမ ၈ ရာခိုင်နှုန်း မြင့်မားခဲ့ပြီး အာရှမှဝယ်လိုအား ပြင်းထန်သော နိုင်ငံတကာထောပတ်ဈေးနှုန်းသည် သမိုင်းဝင်မြင့်မားနေခဲ့ကာဒိန်ခဲနှင့်နို့မှုန့်များ၏ ဈေးနှုန်းများပိုမိုမြင့်မားလာစေရန် တွန်းအားပေးလျက်ရှိသည်။

အညွှန်းကိန်းတွင် ကြီးမားသောပြောင်းလဲမှုမှာ ဟင်းသီးဟင်းရွက်ဆီဈေးနှုန်းနှင့် သကြားဈေးနှုန်းပင်ဖြစ်သည်။ FAO မှ ဟင်းသီးဟင်းရွက် ဆီဈေးသည်အရင်နှစ်ကထက် ၃ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း ထန်းလျက်၊ မုန်ညင်းစေ့၊ ပဲပိစပ်နှင့်နေကြာဆီများ အားလုံးသည် ခိုင်မာသောထုတ်လုပ်မှုနှင့် အမေရိကန်တွင်ဝယ်လိုအားနည်းပါးခြင်းကြောင့်ဈေးနှုန်းများကျဆင်းခဲ့ကြောင်းပြောကြားခဲ့သည်။

အဖျော်ယမကာနှင့် စားသောက်ကုန်ပြုပြင်ရေးလုပ်ငန်းများမှ ဝယ်လိုအားကျဆင်း သွားသောကြောင့် သကြားဈေးသည် ၂ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

**Source : Xinhua**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (12.6.2025)

YANGON STOCK EXCHANGE

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 12th Jun. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,194 (Shares) | 12,705,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,700 | +100 | +1.52 | 6,600 | 6,700 | 6,600 | 2 | 13,400 | 33,109,694 | 221,835 |
| MTSH | 00002 | 3,000 | +50 | +1.69% | 3,000 | 3,000 | 2,950 | 53 | 156,500 | 38,929,150 | 116,788 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 65 | 474,500 | 10,400,986 | 75,927 |
| FPB | 00004 | 1,850 | +50 | +2.78% | 1,850 | 1,850 | 1,850 | 6,318 | 11,688,300 | 29,664,613 | 54,880 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 80 | 229,500 | 12,823,224 | 37,187 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,550 | 430 | 697,000 | 19,977,223 | 32,962 |
| AMATA | 00007 | 4,100 | +100 | +2.50% | 4,100 | 4,100 | 3,950 | 72 | 287,600 | 10,497,598 | 43,040 |
| MAEX | 00008 | 3,050 | -50 | -1.61% | 3,100 | 3,100 | 3,050 | 110 | 338,500 | 23,804,946 | 72,605 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 12th Jun. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 347.12 | +1.49 | 0.43% | 344.92 | 347.12 | 344.92 | 5 | 12 | 8 | 654 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 12th Jun. 2025

| Trading Volume | Trading Value |
|---|---|
| 5,194 (Shares) | 12,705,800 (MMK) |

## Main Board

As of 1:00 pm, 12th Jun. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,194 (Shares) | 12,705,800 (MMK) |

| MYANPIX | 347.12 ▲ 1.49 |
|---|---|
| Total Volume (shares) | 5,194 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 654,723 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,700 | ▲ 100 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,850 | ▲ 0 |
| TMH | 00005 | 2,850 | ▼ 50 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,000 | ▼ 100 |
| MAEX | 00008 | 3,100 | ▲ 50 |